(၄) ဉာဏ်ရည်ပိုင်းဆိုင်ရာချို့ယွင်းအားနည်းသူများ ဆန္ဒမဲပေးရာတွင်လိုအပ်သောအချက်များ

ဉာဏ်ရည်မသန်စွမ်းသူများနှင့် စိတ်ပေါ့သွပ်သူများကို ခွဲခြားသိရှိရန်။

မဲပေးခွင့်ရရှိထားသော ဉာဏ်ရည်မသန်စွမ်းသူများ၏ မဲပေးခွင့်ကို တားမြစ်ပိတ်ပင်ခြင်းမပြုမိစေရန်။

လိုအပ်ပါက ၎င်း၏ယုံကြည်စိတ်ချရသော မိသားစုဝင်တစ်ဦးဖြစ်စေ၊ မဲရုံဝန်ထမ်းတစ်ဦးမှဖြစ်စေ အကူအညီပေးရန်။



**မသန်စွမ်းသူများအကျုံးဝင်ရွေးကောက်ပွဲနှင့် မဲပေးခွင့်ဆိုသည်မှာ မသန်စွမ်းသူများအတွက် သီးခြား အထူးမဲရုံများ၊ အစီအစဉ်များ ဆောင်ရွက်ခြင်းမျိုးမဟုတ်ပဲ အများအတွက် ဆောင်ရွက်နေသည့်အစီအစဉ်များတွင် အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းစီစဉ် ဆောင်ရွက်သွားခြင်းကိုသာ ဆိုလိုသည်။**

www.mili.org.mm
www.facebook.com/myanmarili2015
www.soundcloud.com/miliradio
www.youtube.com/miliwebtv

No.17, Thar Yar Aye Street
Kyaik Wine, (3) Ward
Mayangone Township, Yangon, Myanmar.

(+95 1) 9669133




# မသန်စွမ်းသူ မဲဆန္ဒရှင်များ ဆန္ဒမဲပေးရာတွင် ဖြည့်ဆည်းပေးရန် လိုအပ်သောအချက်များ

## (၁) ကိုယ်အင်္ဂါချို့ယွင်းအားနည်းသူများ ဆန္ဒမဲပေးရာတွင် လိုအပ်သောအချက်များ

- ♦ မဲရုံများကို မြေညီထပ်တွင်သာ စီစဉ်ထားရှိပေးခြင်း။
- ♦ မဲရုံတည်ရှိရာနေရာသည် သွားလာရလွယ်ကူသောနေရာ၊ ပတ်ဝန်းကျင်တွင် စီမံထားရှိပေးခြင်း။
- ♦ ဘီးတပ်ကုလားထိုင်အသုံးပြုသူ မဲဆန္ဒရှင်များ အလွယ်တကူ ဝင်/ထွက် အသုံးပြုနိုင်သည့် အနည်းဆုံး ၃-ပေ အကျယ်ရှိ မဲရုံအဝင်/ထွက်တံခါးဝနှင့် ၄င်းရှေ့တွင် အဟန့်အတား လှေကားထစ် စသည်တို့မရှိသော အနေအထားဖြစ်ရန်။ (လှေကားထစ်များ ရှိပါက ဆင်ခြေလျှောလမ်းများ - အမြင့်တစ်ပေရှိတိုင်း အလျား၁၀ပေအချိုးဖြင့် စီစဉ်ထားရှိပေးပါရန်)။
- ♦ မဲရုံအတွင်း အသုံးပြုသည့် စားပွဲခုံများအားလုံးသည် ပျမ်းမျှ ၂-ပေခွဲ အမြင့်နှင့် အောက်ခြေချုပ်တန်းများ မပါရှိသည့် စားပွဲခုံများ စီစဉ်အသုံးပြုပေးပါရန် (သို့မှသာ ဘီးတပ်ကုလားထိုင်အသုံးပြုသူ မဲဆန္ဒရှင်များ လွယ်ကူစွာ မဲပေးနိုင်မည်ဖြစ်သည်။)





## (၂) အပြော/အကြား အာရုံချို့ယွင်းအားနည်းသူ (နားမကြားသူ မဲဆန္ဒရှင်များ) ဆန္ဒမဲပေးရာတွင် လိုအပ်သော အချက်များ

- ♦ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ သိလိုသည်များ မေးမြန်းနိုင်ရန် (မဲရုံတွင်) စာရွက်ဖြူနှင့် ခဲတံ ထားရှိပေးခြင်း။
- ♦ လက်သင်္ကေတပြ ဘာသာစကားဖြင့်ရှင်းပြဆက်သွယ်နိုင်သော စေတနာ့ဝန်ထမ်းများ စီစဉ်ထားရှိပေးခြင်း။
- ♦ မြင်သာနေရာများတွင် ရှင်းလင်းပြတ်သားသော ညွှန်ကြားချက်များကို စာဖြင့် (သို့) သရုပ်ပြပုံများဖြင့် စီစဉ်ထားရှိခြင်း။
- ♦ နှုတ်ခမ်းလှုပ်ရှားမှုကိုနားလည်သူဖြစ်ပါက မျက်နှာချင်းဆိုင် ဆက်သွယ်ပြောဆိုရန် လိုအပ်ပါသည်။

## (၃) အမြင်အာရုံချို့ယွင်းသူများ ဆန္ဒမဲပေးရာတွင် လိုအပ်သောအချက်များ

- ♦ မဲရုံဝန်ထမ်း(သို့) မိမိယုံကြည်စိတ်ချရသော အကူတစ်ယောက်မှ လျှို့ဝှက်ဆန္ဒပြုခန်းအထိ လိုက်ပါကူညီရမည်။
- ♦ လက်မှတ်ထိုးရာတွင် အခက်အခဲရှိပါက လက်ဗွေနှိပ်ပေးရမည်။
- ♦ ကိုယ်စားလှယ်လောင်းများ၏အမည်ကိုရှင်းလင်းပြတ်သားစွာ ဖတ်ကြားပေးရမည်
- ♦ မဲထည့်ရမည့်နေရာကို သေချာစွာ ပြသပေးရမည်။
- ♦ မဲရုံအနေအထားအား အသေးစိတ် ပြောပြပေးခြင်း။
- ♦ မဲရုံအတွင်းနှင့် အဝင်/အထွက်လမ်းတွင် အဟန့်အတားဖြစ်စေမည့် အရာဝတ္ထုပစ္စည်းများ မရှိစေခြင်း။

